ထိုအချက်များ အရေးကြီးကြပါသလား? အမှန်ပင် အရေးကြီးပါသည်။ အကယ်၍သာ ဤမျက်မှောက်ခေတ် ကုန်ဆုံးချိန်တွင် နှစ်ထောင်ကာလသတ်သတ်ရှိဦးမည်ဆိုလျှင်၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ယုံကြည်သူတို့၏မျှော်လင့်ခြင်းနှင့် နောက်ဆုံးသော တရားစီရင်ခြင်းချိန်သည် အလွန်ဝေးကွာလှသောအချိန်တချိန်သို့ ရောက်သွားပါမည်၊ ထိုအခါ ခရစ်တော်ပြန်လာချိန်ကို စောင့်ကြည့်ကြပါ၊ ဆုတောင်းကြပါ၊ ပြင်ဆင်ကြပါဟု စေခိုင်းနေသောခရစ်ယာန်တို့၏တာဝန်များသည် အတော်ပင် အဓိပ္ပါယ်မဲ့သွားပါမည်။ အရာအားလုံး၏အဆုံးသတ်ကို စောင့်နေကြပါ၊ မျှော်လင့်ကြပါဟု ကျွန်တော်တို့ကို အရေးတကြီးတာဝန်ပေးနေရခြင်းသည်၊ ထိုအရာများ အလျှင်အမြန်ရောက်လာကြမည်ဆိုသည့် ကျွန်တော်တို့၏ယုံကြည်စိတ်ချမှုအပေါ် နည်မှီနေပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++

သုတ္တံ ၁၆း၁–၃၃ (ဂျိန်းဘုရင်မူ)

၁ – နှလုံးသား၏ ကြိုတင်ပြင်ဆင်မှုများသည် လူသားထံ၌ဖြစ်သည်၊ လျှာဖြင့်ပြန်ဖြေခြင်းကမူ ဘုရားသခင့်ထံတော်မှ ဖြစ်ပါသည်။

၂ – လူတဦး၏လမ်းများသည် သူ့မျက်လုံးများအတွက် သန့်ရှင်းနေကြသည်၊ သို့သော် ဘုရားသခင်ကဝိညာဉ်များကိုချိန်တွယ်သည်။

၃ – ဘုရားသခင့်ထံ သင့်အလုပ်များကို အပ်နှံပါ၊ ထိုအခါ သင့်အတွေးတို့သည် အခြေခိုင် မြဲမြံကြလိမ့်မည်။

၄ – ဘုရားသခင်သည် အရာအားလုံးကို မိမိအတွက် ပြုလုပ်တော်မူသည်၊ မှန်သည်၊ ဆိုးယုတ်သူများကိုပင် ဆိုးညစ်သောနေ့အတွက် ပြုလုပ်ပါသည်။

၅ – နှလုံးသားတွင် မာနကြီးသူတိုင်းသည် ဘုရားသခင်အတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်၊ လက်တို့ကို တွဲချိတ်ထားကြသော်လည်း၊ သူသည် ပြစ်ဒဏ်မခံရဘဲ နေမည်မဟုတ်။

၆ – ဂရုဏာနှင့်အမှန်တရားအားဖြင့် မတရားမှုကို သန့်စင်ပစ်သည်၊ ထို့အတူ ဘုရားသခင်အား ကြောက်ရွံ့ရိုသေခြင်းဖြင့် လူသားတို့သည် ဆိုးညစ်ခြင်းကို ရှောင်ရှားကြသည်။

၇ – လူတဦး၏လမ်းတို့သည် ဘုရားသခင်ကို သဘောကျစေသောအခါ၊ ဘုရားသခင်သည် ထိုသူ၏ရန်သူတို့ကိုပင် သူနှင့်အတူ ငြိမ်းချမ်းရေးကို ပြုလုပ်ပေးပါသည်။

၈ – ဖြောင့်မတ်ခြင်းနှင့်အတူ အနည်းငယ်သာရှိခြင်းက ကြီးသောဘဏ္ဍာကို မမှန်ဘဲရခြင်းထက် ပို၍ကောင်းပါသည်။

၉ – လူတဦး၏နှလုံးသားက သူ၏လမ်းကို ကြံစည်ပါသည်၊ သို့သော် ဘုရားသခင်က သူ၏ခြေလှမ်းတို့ကို လမ်းညွှန်ပါသည်။

၁၀ – ဘုရားသခင်၏အမိန့်ချမှတ်ခြင်းသည် ရှင်ဘုရင်၏နှုတ်ခမ်းတို့တွင် ရှိပါသည်၊ သူ၏ပါးစပ်သည် တရားစီရင်ရာတွင် ဖေါက်ဖျက်ကျူးလွန်ခြင်း မရှိပါ။

၁၁ – ဖြောင့်မှန်သော အလေးနှင့်ချိန်ခွင်သည် ဘုရားသခင့်အပိုင်ဖြစ်သည်၊ အလေးများထည့်သောအိတ်တို့သည် သူ၏အလုပ် ဖြစ်ကြသည်။

၁၂ – ရှင်ဘုရင်တို့ ဆိုးညစ်ခြင်းကို ပြုလုပ်ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ရာဇပလ္လင်သည် ဖြောင့်မတ်ခြင်းဖြင့်သာ တည်မြဲသောကြောင့်ဖြစ်သည်။

၁၃ – ဖြောင့်မတ်သောနှုတ်ခမ်းတို့သည် ဘုရင်တို့၏နှစ်သက်ရာဖြစ်ကြသည်၊ သူတို့က အမှန်ပြောသူကို ချစ်ကြပါသည်။

၁၄ – ရှင်ဘုရင်၏ အမျက်ဒေါသသည် သေခြင်း၏တမန်တို့ကဲ့သို့ ဖြစ်သည်၊ သို့သော် ပညာရှိသူက ၎င်းကို ငြိမ်းချမ်းစေလိမ့်မည်။

၁၅ – ရှင်ဘုရင်၏မျက်နှာအလင်းသည် အသက်ရှင်ခြင်းဖြစ်သည်၊ သူ၏မျက်နှာသာပေးခြင်းသည်လည်း နောက်ကျသောမိုး၏ တိမ်တို့ကဲ့သို့ဖြစ်သည်။

၁၆ – ဉာဏ်ပညာကိုရခြင်းသည် ရွှေကိုရခြင်းထက် မည်မျှ ကောင်းလိုက်ပါသနည်း! ထို့အတူ နားလည်ခြင်းကိုရခြင်းသည် ရွေးချယ်ထားသောငွေသတ္တုကိုရခြင်းထက် မည်မျှ ကောင်းလိုက်ပါသနည်း!

၁၇ – ဖြောင့်မှန်သူ၏လမ်းမကြီးသည် ဆိုးညစ်ခြင်းမှရှောင်ရှားခြင်းဖြစ်သည်၊ မိမိ၏လမ်းကို စောင့်ရှောက်ထိန်းသိမ်းသူသည် မိမိဝိညာဉ်ကို ကာကွယ်စောင့်ရှောက်သူဖြစ်သည်။

၁၈ – မာနသည် ပျက်ဆီးရခြင်းရှေ့တွင် သွားပါသည်၊ မာန်တက်သောဝိညာဉ်သည် ကျရှုံးခြင်းရှေ့တွင် သွားပါသည်။

၁၉ – နှိမ့်ချသူတို့နှင့်အတူ နှိမ့်ချသောဝိညာဉ်ရှိခြင်းသည်၊ တိုက်ယူသိမ်းစည်းလာသောဥစ္စာများကို မာနကြီးသူတို့နှင့်အတူ ခွဲဝေရယူခြင်းထက် ပိုကောင်းပါသည်။

၂၀ – အကြောင်းကိစ္စကို ပညာရှိစွာကိုင်တွယ်သူသည် ကောင်းမြတ်ခြင်းကို ရှာဖွေတွေ့ရှိလိမ့်မည်၊ ဘုရားသခင်ကို အားကိုးသူတိုင်းသည်လည်း ပျော်ရွှင်နေပါမည်။

၂၁ – နှလုံးသား၌ ပညာရှိသူသည် ပညာရှိသူဟု အခေါ်ခံရလိမ့်မည်၊ ချိုသာခြင်းကိုပြောသော နှုတ်ခမ်းတို့သည်လည်း ပညာအတတ် တိုးပွားပါမည်။

၂၂ – နားလည်ခြင်းကို ပိုင်ဆိုင်သူအတွက် နားလည်ခြင်းသည် အသက်၏စမ်းရေတွင်းဖြစ်သည်၊ သို့သော် လူမိုက်တို့၏ သွန်သင်ခြင်းသည် မိုက်မဲခြင်းသာဖြစ်သည်။

၁၂ – ငါ မည်သို့ နိမ့်ကျစွာနေရမည်ကို သိပါသည်၊ ထို့အတူ ငါသည် မည်သို့ ကြွယ်ဝစွာနေရမည်ကိုလည်း သိပါသည်၊ နေရာတိုင်းတွင် အရာအားလုံး၌ ငါသည် ဝဝလင်လင်ဖြစ်ခြင်းနှင့် ဆာလောင်မွတ်သိပ်ခြင်း နှစ်မျိုးစလုံးကို သင်ခဲ့ပြီးဖြစ်သည်၊ ကြွယ်ဝများပြားခြင်းနှင့် လိုအပ်ခြင်းတို့ကို ခံစားရခြင်း နှစ်မျိုးလုံးတို့ကိုလည်း သင်ခဲ့ပြီးဖြစ်သည်။
၁၃ – ငါ့ကို ခွန်အားရှိစေသောခရစ်တော်အားဖြင့် အရာအားလုံးကို ငါ လုပ်နိုင်ပါသည်။
၁၄ – သို့သော်လည်း သင်တို့သည် ငါ၏ဆင်းရဲဒုက္ခခံရခြင်းကို ပါဝင်ဆက်ဆံကြခြင်းဖြင့် ကောင်းစွာပြုကြပြီဖြစ်သည်။
၁၅ – ယခုတွင် ဖိလစ်ပိုင်မြို့သားတို့ ဤအချက်ကိုလည်း သိကြပါ၊ သင်တို့ထံ ဧဝံဂေလိ စရောက်လာချိန်၊ ငါ မက်စီဒိုးနီယားနယ်မှ ထွက်ခွာသောအခါ၊ မည်သည့်အသင်းတော်ကမျှ ငါ့ကို လှူဒါန်းခြင်း၊ လက်ခံခြင်းတို့ မလုပ်ကြပါ၊ သင်တို့ကသာ လုပ်ဆောင်ကြပါသည်။
၁၇ – ငါ လက်ဆောင်ကိုလိုချင်၍ ပြောနေသည်မဟုတ်ပါ၊ သို့သော် သင်တို့ထံ၌ အသီးအပွင့်များပြားရအောင် ငါ ဆန္ဒရှိ၍ ဖြစ်ပါသည်၊
၁၈ – သို့သော် ငါ့ထံတွင် အားလုံးရှိပါသည်၊ များပြားပါသည်၊ ငါသည် ပြည့်ဝနေပါသည်၊ ဧပါဖရောဒိုင်းဒပ်စ်ထံမှ သင်တို့ပို့လိုက်သည်များကို လက်ခံရရှိခြင်းဖြင့်ဖြစ်ပါသည်၊ ချိုမြိန်သောရနံ့၏မွှေးကြိုင်မှုဖြစ်သည်၊ လက်ခံထိုက်သော ယဇ်ပူဇော်ခြင်းဖြစ်သည်၊ ဘုရားသခင်ကို အသေချာသဘောကျစေသောအရာဖြစ်ပါသည်။
၁၉ – သို့သော် ငါ၏ဘုရားသခင်က သင်တို့၏လိုအပ်ချက်များအားလုံးကို သူ၏ဂုဏ်ကျက်သရေအတွင်း ကြွယ်ဝချမ်းသာလှမှုအတိုင်း ခရစ်တော်ယေရှုအားဖြင့် ပြည့်စွမ်းတော်မူလိမ့်မည်။
၂၀ – ယခုတွင် ငါတို့၏ဖခင်နှင့်ဘုရားသခင်ထံတော်၌ ဘုန်းကျက်သရေတော်သည် ထာဝရမှထာဝရတိုင် ရှိနေပါစေသတည်း။ အာမင်။
၂၁ – ခရစ်တော်ယေရှု၌ရှိကြသော သန့်ရှင်းသူတိုင်းကို နှုတ်ဆက်ကြပါ။ ငါနှင့်အတူရှိကြသော ညီအကိုတို့က သင်တို့ကို နှုတ်ဆက်ကြပါသည်။
၂၂ – သန့်ရှင်းသူအားလုံးက သင်တို့ကို နှုတ်ဆက်ကြသည်၊ အထူးသဖြင့် ဆီဇာကေရာဇ်၏မိသားစုဝင်များက ဖြစ်ပါသည်။
၂၃ – ငါတို့ သခင်ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့နှင့်အတူ ရှိပါစေသတည်း။ အာမင်။

+++++++++++++++++++++++++++

### သခင်ဘုရား၏နေ့ (၁၇)

၄၅။ သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းက ကျွန်ုပ်တို့၌ မည်သည့်အကျိုးရှိစေသနည်း?

ပထမအနေနှင့်၊ ရှင်ပြန်ထမြောက်ခြင်းဖြင့် သူသည်သေခြင်းကိုအောင်နိုင်သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့အား သူ၏သေခြင်းဖြင့် ဝယ်ယူပေးသော ဖြောင့်မတ်ခြင်းကို ပါဝင်ဆက်ဆံနိုင်သူများ ဖြစ်လာစေသည်။ ဒုတိယအနေနှင့်၊ ကျွန်ုပ်တို့သည် သူ၏တန်ခိုးတော်အားဖြင့် အသစ်သောအသက်တာသို့ ထမြောက်ကြသည်။ နောက်ဆုံးအနေနှင့်၊ သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့၏မင်္ဂလာရှိသော ရှင်ပြန်ထမြောက်ခြင်းအာမခံဖြစ်၏။
(၁ကော ၁၅:၁၆၊ ရော ၆:၄၊ ကော ၃:၁၊ ၁ကော ၁၅၊ ရော ၈:၁၁)

×××××××××××××××××××××××××××××××××××××××